# နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ် အမိန့်

လူငယ်များအတွက် သိကောင်းစရာ အချက်အလက်များ

နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့် ဆိုသည်မှာ နောက်ထပ်ရုံးချိန်းနေ့အထိ သင် မည်သည့်နေရာတွင် နေကိုနေရမည်ဟု Children's Court မှ ထုတ်ပြန်သော အမိန့်ကို ဆိုလိုပါသည်။ သင့် ဘေးကင်းလုံခြုံမှုနှင့် ကောင်းကျိုးသုခနှင့် ပတ်သက်သော ဖြေရှင်းရန်လိုအပ်သည့် ပြဿနာအချို့ ရှိကြောင်း Children's Court ၏ တရားသူကြီးက ယုံကြည်သည့်အခါတွင် နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်ကို ထုတ်ပြန်ပါသည်။

Department of Health and Human Services (ဌာန) မှ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ပေးသူ (ဝန်ထမ်း) သည် ထို စိတ်ပူပန်စရာ အကြောင်းအရာများကို ဖြေရှင်းရေးအတွက် အစီအစဉ်များ ဖေါ်ထုတ်ရန် သင်နှင့် သင့်မိသားစုတို့နှင့် တွဲ၍ လုပ်ဆောင်မည်ဖြစ်ပါသည်။

နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့် ကာလ ပြီးဆုံးသည့်အခါ တရားသူကြီးက သင့် ဘေးကင်းလုံခြုံမှုနှင့် ကောင်းကျိုးသုခ ရရှိရန်သေချာစေမည့် အကောင်းဆုံး နည်းလမ်းအတွက် နောက်ဆုံး အတည်ဖြစ်သော အမိန့်ကိုချမှတ်ခြင်းကို နာခံရန် သင့်မိဘများသည် ဝန်ထမ်းနှင့်အတူ တရားရုံးသို့သွားရမည် ဖြစ်သည်။

## နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်သည် မည်မျှ ကြာသော ကာလအတွက် ဖြစ်သနည်း။

အကယ်၍ သင်သည် နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်အရ သင့် မိဘများနှင့်အတူ နေထိုင်လျှင် ထိုအမိန့်သည် နောက်ထပ်ရုံးချိန်းနေ့အထိ အတည်ဖြစ်သည်။ အကယ်၍ သင်သည် နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်အရ အိမ်နှင့်ဝေးရာတွင် နေထိုင်ပါက ထိုအမိန့်သည် နောက်ထပ်ရုံးချိန်းနေ့အထိ ဖြစ်နိုင်သည်၊ သို့မဟုတ် အကယ်၍ တရားရုံးက သင်၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ဖြစ်သည်ဟု ကျေနပ်လက်ခံလျှင် ရက် ထပ်၍တိုးနိုင်သည်။ အကယ်၍ တရားရုံးအမိန့် ထုတ်ပြန်ရသည့် အရင်းခံ ပြဿနာများ ဆက်လက် ရှိနေပြီး၊ နောက်ဆုံးအတည်ဖြစ်သော အမိန့်ကိုလည်း မချမှတ်ရသေးလျှင် အကယ်၍ တရားရုံးက သင်၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ဤသို့လုပ်ရန် လိုအပ်သည်ဟု သုံးသပ်မည့်အပြင် နောက်ဆုံးအတည်ဖြစ်သော ကာကွယ်စောင့်ရှောက်မှု ပေးရေးဆိုင်ရာ အမိန့်ကိုလည်း ချမှတ်ခြင်း မပြုနိုင်သေးဟု လက်ခံယုံကြည်လျှင် တရားရုံးသည် နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်ကို ရက်ထပ်တိုးနိုင်ဖွယ်ရှိသည်။

## ကျွန်ုပ် ဘာတွေလုပ်ရန် လိုအပ်သနည်း။

Children's Court က နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်တွင် သင်နှင့် သင့်မိဘများ လိုက်နာရမည့် သတ်မှတ်ချက်များကို ထည့်နိုင်ပါသည်။ ထို လိုက်နာရမည့် သတ်မှတ်ချက်များတွင် သင်နှင့် သင့်မိဘများသည် -

- ဆွေးနွေးအကြံပေးခြင်းကို တက်ရောက်ရန်
- ကျန်းမာရေးဆိုင်ရာ ရက်ချိန်းများ သို့မဟုတ် ကုသမှုဆိုင်ရာ ရက်ချိန်းများကို တက်ရောက်ရန်
- သင့်ဝန်ထမ်းလာရောက်သည်များကို လက်ခံတွေ့ဆုံခြင်း
- သင့် ဘေးကင်းလုံခြုံမှုနှင့် ကောင်းကျိုးသုခအတွက် ဝန်ထမ်းက အစီအစဉ်များပြုလုပ်သည်ကို အကူအညီ ပေးခြင်း
- ကျောင်းတက်ခြင်း
- မိဘများ သို့မဟုတ် မိမိ၏ဘဝတွင် အရေးကြီးသော အခြားသူများနှင့် အဆက်အသွယ်ထားရှိခြင်း တို့ ပါဝင်နိုင်ပါသည်။

တရားရုံးအမိန့် ထုတ်ပြန်ရသည့် အရင်းခံပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် သင်သည် သင့်ဝန်ထမ်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါသည်။

## သင့် ဝန်ထမ်းက ဘာတွေ လုပ်သနည်း။

သင့်အနာဂတ်အတွက် အစီအစဉ်များပြုလုပ်ရာတွင် အကူအညီပေးရန် ဝန်ထမ်း ရှိနေခြင်းဖြစ်ပါသည်။ သင့်ဘေးကင်းလုံခြုံမှုနှင့် ကောင်းကျိုးသုခအား ထိခိုက်နေသည့် ပြဿနာများကို ဖြေရှင်းရန် သင်၊ သင့်မိသားစုနှင့် အခြားသူများနှင့် ဆောင်ရွက်ကြမည် ဖြစ်သည်။ ဝန်ထမ်းသည် သင့် တရားရုံးအမိန့်ကို လိုက်နာမှု ရှိ၊မရှိ စောင့်ကြပ်ကြည့်ရှုရန် တာဝန်ရှိသည်။

သင့်ဝန်ထမ်းကို သင့်ပြဿနာများ သို့မဟုတ် စိတ်ပူပန်စရာများကို ပြောပြခြင်းအားဖြင့် သင့်အား အကူအညီပေးရန် သူ့အတွက် အထောက်အကူ ဖြစ်စေပါလိမ့်မည်။ သင့်အနေနှင့် စိတ်မှာရှုပ်ထွေးနေခြင်း၊ သို့မဟုတ် ကြောက်လန့်နေခြင်း၊ စိတ်ဆိုးနေခြင်း၊ ဝမ်းနည်းနေခြင်း သို့မဟုတ် စိတ်သက်သာရာရခြင်းတို့ ဖြစ်နေနိုင်ပါသည်။ သူက သင့်အား အကူအညီ ပေးနိုင်စေရန်အတွက် သင် မည်ကဲ့သို့ ခံစားနေရသည်ကို ပြောပြရန် အရေးကြီးပါသည်။

## နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့် ပြီးဆုံးချိန်တွင် ဘာဖြစ်မည်နည်း။

နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်၏ သက်တမ်းကာလ ကုန်ဆုံးသည့်အခါ တရားသူကြီးက သင်၏ အကောင်းဆုံး အကျိုးစီးပွား အလို့ငှာ အပြီးသတ် နောက်ဆုံးအမိန့်ကို ချမှတ်ခြင်းအား နာခံရန် သင့်မိဘနှင့် သင့်ဝန်ထမ်းတို့သည် တရားရုံးသို့ သွားကြရမည် ဖြစ်သည်။

အကယ်၍ တရားသူကြီးက တရားရုံးတက်ရောက်ရန် လိုအပ်သည်ဟု အမိန့်မချခဲ့လျှင် သင်သည် ထိုနေ့တွင် တရားရုံးသို့ အမှုကြားနာရာတွင် တက်ရောက်ရန် မလိုအပ်ပါ။ အကယ်၍ သင် မတက်ရောက်ပါက တရားရုံးတွင် သင့်ကိုယ်စား လျှောက်ထား တင်ပြရန်အတွက် သင့် ဥပဒေကြောင်းဆိုင်ရာ ကိုယ်စားပြုပေးသူ (ရှေ့နေ)အား သင့် ထင်မြင်ယူဆချက်များနှင့် ဖြစ်စေလိုသော ဆန္ဒများကို မဖြစ်မနေ ပြောပြရန် လိုအပ်ပါသည်။ ဤအကြောင်းအရာများကို သင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းနှင့်ဆွေးနွေးရန် လိုအပ်ပါသည်၊ သူက နောက်ထပ် ရုံးချိန်းမတိုင်မီ သင့်ရှေ့နေကို တရားရုံးနှင့် ဝေးရာ တစ်နေရာတွင် တွေ့ဆုံရန် စီစဉ်ပေးပါလိမ့်မည်။

ဝန်ထမ်းက တရားသူကြီးထံ သင့်အတွက် ကာကွယ်စောင့်ရှောက်မှုပေးရေးဆိုင်ရာ အမိန့်ချမှတ်ရန် လိုအပ်၊မလိုအပ်နှင့် အကယ်၍ လိုအပ်ပါက သင့်အကောင်းဆုံး အကျိုးစီးပွားအတွက် မည်သည့်အမိန့်မျိုးသည် သင့်တော်မည်ဖြစ်ကြောင်း အစီရင်ခံစာ ရေးသားတင်ပြပါလိမ့်မည်။ ဝန်ထမ်းသည် တရားရုံးမတိုင်မီ ထိုအစီရင်ခံစာအကြောင်း သင်နှင့် သင့်မိဘများကို ပြောပြပါလိမ့်မည်။ အစီရင်ခံစာထဲတွင် သင်တို့ ဆွေးနွေးခဲ့ကြသည့် အချက်အလက်များ အားလုံး ပါဝင်နိုင်ပါသည်။

အကယ်၍ သင်က ဝန်ထမ်းဖြစ်သူ အစီရင်ခံစာထဲတွင် တင်ပြထားသည်များကို သဘောမတူပါက တရားရုံးကို အသိပေးရေးအတွက် သင့် ရှေ့နေနှင့် ဝန်ထမ်းတို့ကို ပြောနိုင်ပါသည်။

## နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်ကို ပြောင်းနိုင်ပါသလား။

နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့် အကျိုးသက်ရောက်မှုရှိသော ကာလအတွင်း မည်သည့်အချိန်၌မဆို သင်၊ သင့်မိဘ၊ သို့မဟုတ် ဝန်ထမ်းအနေနှင့် အခြေအနေမှာ ပြောင်းလဲသွားပြီဖြစ်ပြီး သင်၏ အကောင်းဆုံး အကျိုးစီးပွားအလို့ငှာ အမိန့်တွင်ပါသော လိုက်နာရမည့် သတ်မှတ်ချက်များကိုလည်း ပြောင်းလဲသင့်ကြောင်း ယူဆနိုင်ဖွယ် ရှိပါသည်။ ယင်းနှင့် ပတ်သက်သော အပြီးသတ် နောက်ဆုံးအမိန့်ကို တရားသူကြီးက ချမှတ်လိမ့်မည် ဖြစ်သည်။

## နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့် သို့မဟုတ် လိုက်နာရမည့် သတ်မှတ်ချက်များကို မလိုက်နာပါက ဘာဖြစ်မည်နည်း။

နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့် အကျိုးသက်ရောက်မှုရှိသော ကာလအတွင်း အကယ်၍ ဝန်ထမ်းက သင်သည် ဘေးကင်းလုံခြုံမှု မရှိဟု ယူဆလျှင်ဖြစ်စေ၊ သို့မဟုတ် နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်တွင် ပါသော သတ်မှတ်ချက်များကို လိုက်နာမှု မရှိဟု ယူဆလျှင်ဖြစ်စေ သူသည် အမိန့်ကို ရပ်ဆိုင်းစေမည်၊ သို့မဟုတ် နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့် အသစ်တစ်ခု ချမှတ်ပါရန် တရားရုံးသို့ လျှောက်ထားမည် ဖြစ်သည်။ အဓိပ္ပါယ်မှာ အမှုအတွက် ဆုံးဖြတ်ချက်နောက်ထပ်တစ်ခုချမှတ်ရေးအတွက် တရားရုံးသို့ ပြန်တက်ရမည်ဟု ဆိုလိုပါသည်။ အကယ်၍ သင်သည် သင် နေထိုင်ရာနေရာတွင် ဒုက္ခရောက်နိုင်သည့် အန္တရာယ် ရှိနေပါက တရားရုံးမှ ဆုံးဖြတ်ချက်မချသေးမီ ကာလအတွင်း သင်ကို အခြားတစ်နေရာသို့ ပြောင်းရွှေ့ရန် လိုအပ်နိုင်ပါသည်။

## ကျွန်ုပ်သည် တရားဥပဒေဆိုင်ရာ အကြံဉာဏ်ကို မည်သည့်နေရာမှာ ရနိုင်မည်နည်း။

သင့်အား တရားရုံးတွင် ရှေ့နေတစ်ဦးက ကိုယ်စားပြုပေးပါလိမ့်မည်။ သင့်ဝန်ထမ်းက သင့်အတွက် စီစဉ်ပေးပါလိမ့်မည်။ သင့်ရှေ့နေက သင့်အား တရားရုံးအမိန့်ကို ရှင်းပြပြီး သင် ဖြစ်စေလိုသော ဆန္ဒများကိုလည်း တရားရုံးသို့ အသိပေးတင်ပြနိုင်ပါသည်။

## ကျွန်ုပ်က နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်ကို အယူခံဝင်ခွင့် ရှိပါသလား။

အကယ်၍ ထိုအမိန့်သည် တရားမျှတမှု မရှိဟု သင် ထင်မြင်ယူဆပါက သင့်အနေနှင့် သင့် ရှေ့နေ သို့မဟုတ် တရားရုံးကို အယူခံဝင်ခြင်းနှင့် ပတ်သက်ပြီး မေးမြန်းနိုင်ပါသည်။ သူတို့က သင် အယူခံဝင်ခွင့် ရှိ၊မရှိ ပြောပြနိုင်ပါလိမ့်မည်။

ပိုမိုသိလိုပါက သင့် Department of Health and Human Services ရုံးကို ဆက်သွယ်ပါ။

## ဆက်သွယ်ရမည့်သူ၏ အချက်အလက်များ

သင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ပေးသူ ဝန်ထမ်း၏အမည်မှာ –

သူ၏ Department of Health and Human Services ရုံးမှာ -

သူ့အား ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ -

ဤစာစောင်ကို ဖွင့်ဖတ်နိုင်သော စီစဉ်ဖွဲ့စည်းမှုပုံစံဖြင့် ရလိုပါက cpmanual@dhhs.vic.gov.au သို့ အီးမေးလ် ပို့ပါ။

ဗစ်တိုးရီးယားပြည်နယ်အစိုးရ 1 Treasury Place, Melbourne က ခွင့်ပြုပြီး ထုတ်ဝေသည်။

© မူပိုင် ဗစ်တိုးရီးယားပြည်နယ် မတ်လ ၂၀၁၆ ခုနှစ်

www.cpmanual.vic.gov.au တွင် ရရှိနိုင်ပါသည်။